# ဆရာတော် အရှင်နာဂဝံသ

## (အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ ဓမ္မစကြာရိပ်သာကျောင်း)

# ဓမ္မသဘင်

ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့ ....
တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေရာ | **Informatics Campus** |
| | 12 Science Center Rd, S609080 |
| | (Jurong East MRT အနီး) |
| ကျင်းပမည့်နေ့ရက် | ၂၇-၆-၂၀၁၀ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | ညနေ ၄း၀၀ နာရီ မှ ၅း၃၀ နာရီထိ |

ဆက်သွယ်လှူဒါန်းရန်လိပ်စာ

- လုမ္ဗနီ မြန်မာသီလရှင်ကျောင်း

**Blk 216, #01-63**
**Boonlay Ave, S'pore 640216**
**Ph 92971703, 62654001**

## အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ ဓမ္မစကြာရိပ်သာကျောင်း ပဓာနနာယကဆရာတော် အရှင်နာဂဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

ဓမ္မစကြာရိပ်သာကျောင်း ပဓာနနာယကဆရာတော်သည် ၁၃၃၃ ခုနှစ် ဝါဆိုလဆန်း (၁၄)ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းတောင်တန်းနယ် ဗိုလ်မင်းထောင်ဒေသ ဘန်ဒရာဘန်မြို့ (ခ) ရွာတော်မြို့တွင် ခမည်းတော် ဦးစိန်ရွှေထွန်း၊ မယ်တော် ဒေါ်သွင်ပန်းဖြူတို့မှ သားဦးအဖြစ် ဖွားမြင်ခဲ့ပါသည်။ သက်တော် ၉ နှစ်တွင် ပရဟိတမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၄၅ ခုနှစ် သက်တော် ၁၂ နှစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကသဲရပ်ကွက် သီရိမင်္ဂလာစိန်မြောင်ကျောင်း ဆရာတော် ဘဒ္ဒန္တသီဟဉာဏထံသို့ ရောက်ရှိခဲ့ပါသည်။ ၁၃၄၇ ခုနှစ်တွင် ရန်ကုန်မြို့ သာကေတမြို့နယ်၊ သုစိတ္တာလင်္ကာရ ပရိယတ္တိစာသင်တိုက်သို့ ပရိယတ္တိစာပေများကို သင်ယူရန် ရောက်ရှိခဲ့ပါသည်။ ၁၃၅၃ ခုနှစ် ကဆုန်လဆန်း(၁၅)ရက်တွင် သာကေတမြို့နယ်၊ သုစိတ္တာလင်္ကာရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ဒေါက်တာဦးအေးဖေနှင့် ဒေါ်သန်းသန်းဌေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ခန္ဓသိမ်တွင် ရဟန်းဘဝသို့ ရောက်တော်မူခဲ့ပါသည်။

အစိုးရပထမပြန် စာမေးပွဲ မူလတန်း၊ ပထမငယ်၊ ပထမလတ်တန်းတို့ကို သုစိတ္တာလင်္ကာရ ပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်မှ အောင်မြင်တော်မူခဲ့ပါသည်။ ပထမကြီးတန်းကို တောင်ဥက္ကလာပမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှ အောင်မြင်ခဲ့ပါသည်။ ဓမ္မာစရိယတန်းကို ပရိယတ္တိရွှေညောင်ပင်ကျောင်း၊ ရန်ကင်းမြို့နယ်မှ အောင်မြင်တော်မူခဲ့ပါသည်။

၁၉၉၅ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းတောင်တန်းဒေသ မြန်မာဗုဒ္ဓဘာသာ အများစုနေထိုင်သောဒေသသို့ သာသနာပြုလုပ်ငန်းဖြင့်သွားရောက်ပြီး ရွာတော်မြို့ မိဘမဲ့ပရဟိတကျောင်းတွင် ကျောင်းသား ၁၄၀ကို မြန်မာစာနှင့် မြန်မာ့ယဉ်ကျေးမှု သင်ကြားပေးခဲ့ပါသည်။ ထို့အပြင် ဒေသစာပေဖြစ်တဲ့ Bengali စာနဲ့စကားတို့ကိုသင်ယူခဲ့ပြီး Diploma ဘွဲ့ကိုရရှိခဲ့ပါသည်။

၂၀၀၀ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်မှ B.A (ပါဠိမေဂျာ)ဘွဲ့ကို ရရှိခဲ့ပါသည်။ ၂၀၀၁ခုနှစ်တွင် ဗုဒ္ဓဂယာ မာဂဓတက္ကသိုလ်မှ M.A (ရှေးဟောင်းသမိုင်းဘာသာရပ်)ဘွဲ့ကို ရရှိခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် ဗုဒ္ဓဂယာ Sakyamuni college တွင် Hindi Diploma ကို ရယူခဲ့ပါသည်။

၂၀၀၄ မှ ၂၀၀၅ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်သွားရောက်ပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် မဟာစည် မြဝတီသာသနာ့ရိပ်သာ၌ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းတရားများကို ပွားများအားထုတ်ပြီး တရားဟောခြင်း၊ တရားပြသခြင်းစသည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရွာတော်မြို့ မိဘမဲ့ကလေးပရဟိတကျောင်း ရန်ပုံငွေရရှိရန်အတွက်ကိုလည်း ဦးဆောင်လျက် ဆောင်ရွက်နေပါသည်။

၂၀၀၇ ခုနှစ်မှာ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီ၊ ဟိန္ဒူတက္ကသိုလ်တွင် Ph.D ဘွဲ့ကို ရယူရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှေးဟောင်းဗုဒ္ဓဘာသာအကြောင်းကို ကျမ်းပြုနေဆဲဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်တွင် ဗာရာဏသီမြို့ မိဂဒါဝုန် မြတ်စွာဘုရား တရားဦးဓမ္မစကြာဟောတော်မူရာဌာန၌ မြတ်စွာဘုရား၏ သာသနာတော်ကို ပြန်လည်ထွန်းကား ပြန့်ပွားစေခြင်းငှါ စိတ်ရည်သန်၍ ဓမ္မစကြာရိပ်သာကို စတင်တည်ထောင်ခဲ့ပါသည်။

အခုလက်ရှိ Ph.Dစာတမ်းကို ပြုစုလျက် အခါအားလျော်စွာ မဟာစည် မြဝတီသာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယအတိုင်း ဝိပဿနာတရားဟောခြင်း၊ တရားပြသပေးခြင်း၊ မြန်မာနိုင်ငံမှ ကြွရောက်လာသည့် သံဃာတော်များနှင့် သီလရှင်များ၊ ကျောင်းသူ ကျောင်းသားများကို ကျောင်းသွင်းပေးခြင်း၊ အခြေခံ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်ဘာသာစကား၊ ဟိန္ဒီစာနှင့် ဟိန္ဒီဘာသာစကားများ သင်ပေးခြင်း၊ အခြေခံကွန်ပြူတာသင်ပေးခြင်းစသည့် သာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါသည်။